# Yaw Defense Force-Kyaw

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

ရက်စွဲ။ ။၂၀၂၁ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၆ရက်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ၊ ၂၅ ရက်နေ့ ညနေ ၆ နာရီ ၃၀ မိနစ်ဝန်းကျင်တွင် ဂန့်ဂေါမြို့နယ် ၊ အနောက် ဂန့်ဂေါတံတားရှိ We Love Gangaw မွေ့ရာရုံတွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်သားများကို YDF-GanGaw တပ်ရင်း -၅- မှ စစ်ဆင်ရေး ပြုလုပ်ခဲ့ရာ အကြမ်းဖက်စစ်ကောင်စီတပ်သား တစ်ဦးကျဆုံးမှု ရှိပြီး တပ်သားတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအတည်ပြုပါသည်။

ယောဒေသရှိ ပြည်သူများ အနေဖြင့်လည်း အကြမ်းဖက် စစ်ကောင်စီတပ်များ တပ်စွဲရာ နေရာများ နှင့် နီးကပ်သည့် နေရာများတွင် သွားလာ နေထိုင်ပါက အန္တရာယ် ရှိနိုင်ပါသဖြင့် အဆိုပါ နေရာများ ကို ရှောင်ရှားပြီး သွားလာနေထိုင်ကြပါရန် အထူးအလေးပေး နှိုးဆော် အပ်ပါသည်။

ထို့အပြင် အကြမ်းဖက် စစ်ကောင်စီတပ်ဖက်မှ ဒေသတွင်းရှိ ပြည်သူများကို ဖမ်းဆီးပြီး ပြန်လွှတ်ပေး လိုပါက ငွေပေးရမည်ဟု လူပြန်ပေးဆဲွသည့် ဂိုဏ်းဆန်ဆန် ပြည်သူ့အပေါ် ငွေညစ်သည့် လုပ်ငန်း များ လုပ်နေကြသည်ကိုလည်း ကြားသိရပါသည်။ သို့ဖြစ်ပါ၍ ထိုကဲ့သို့ လူပြန်ပေးဆွဲ ဂိုဏ်းဆန်ဆန် ပြုလုပ်နေသည်များကို ဆက်လက် ကျူးလွန်ခြင်း မပြုဘဲ ရပ်တန်းက ရပ်ရန် ယောဒေသ ကာကွယ်ရေးတပ် (YDF) အနေဖြင့် တောင်းဆိုအပ်သည်။

တောင်းဆိုချက်ကို မလိုက်နာဘဲ ပြန်ပေးဆွဲခြင်းများကို ဆက်လက်ကျူးလွန်နေပါက ပြစ်မှုကျူးလွန် သည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များနှင့် ရဲများအပါအဝင် ၎င်းတို့ မိသားစုဝင်များ၏ လုံခြုံရေးကို မိမိတို့ ယောဒေသ ကာကွယ်ရေးတပ်မှ အာမခံချက် ပေးနိုင်မည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ယောဒေသကာကွယ်ရေးတပ်ဖွဲ့-YDF
yawdefenseforce@gmail.com
tele acc @YawDefenseForce